**ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်**

**ဗဟိုစစ်ဦးစီးဌာနချုပ်**

**ကော် သူး လေ**

## ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းအပေါ် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA ၏ သဘောထားရပ်တည်ချက်

ရက်စွဲ - ဩဂုတ်လ (၁၈)ရက် ၂၀၂၀ ခုနှစ်။

၁။ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းသည် " **ရန်သူအားမိတ်ဖက်အဖြစ် ပြုပြင်ပြောင်းလဲသည့်လုပ်ငန်းစဉ်** " ဖြစ်ခြင်းကြောင့် မိမိတို့ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ကေအဲန်အယ်လ်အေ)မှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြိုးပမ်းမှုများအားလုံးကို အစဉ်လက်ကမ်းကြိုဆိုသည်။ ပဋိပက္ခဖြစ်ပွားရသည့်အခြေခံအကြောင်းရင်းအား စားပွဲဝိုင်းတွင်အလေးအနက်ထားဆွေးနွေးညှိနှိုင်းမှုဖြင့် နည်းလမ်းများဖော်ထုတ်ခြင်း၊ အဖြေရှာခြင်းများပြုလုပ်ခြင်းဖြင့်သာလျှင် မည်သူတစ်ဦးတစ်ယောက်ကိုမှ နစ်နာမှုမရှိစေမည့်ရလဒ်ကိုရရှိနိုင်မည်ဖြစ်သည်ဟုရှုမြင်သည်။

၂။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံစတုတ္ထအစည်းအဝေးတွင် NCA လက်မှတ်မရေးထိုးနိုင်သေးသော တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများအားလုံးကို ဖိတ်ကြားခြင်းမပြုနိုင်သည့်အတွက် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA မှ အထူးဝမ်းနည်းပါကြောင်းသိစေအပ်ပါသည်။ ထို့ပြင် ULA / AA ရက္ခိုင့်တပ်တော်အား အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်ထားခြင်းနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံစတုတ္ထအစည်းအဝေးတက်ရောက်ရန် ငြင်းပယ်မှုပြုခြင်းတို့သည် မိမိတို့ယုံကြည်သည့် ငြိမ်းချမ်းရေးတည်ဆောက်မှုလမ်းစဉ်နှင့်သွေဖီသောကြောင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်မှ ကန့်ကွက်ပါသည်။

၃။ မတ်လ (၂၃)ရက် နေ့စွဲဖြင့် ULA / AA ရက္ခိုင့်တပ်တော်အား အကြမ်းဖက်အဖွဲ့အစည်းအဖြစ်ကြေညာချက်ထုတ်ပြန်ခြင်းသည် ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းအနှစ်သာရများနှင့် ဖီလာဆန့်ကျင်နေခြင်း၊ ဆက်လက်၍ ပဋိပက္ခဖြစ်ပွားနေမှု၊ ပြည်တွင်းစစ်ကိုအရှည်ရှည်စေခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးအလားအလာကို ခြိမ်းခြောက်နေခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုသွေးချင်းများအကြား အကြမ်းဖက်အဖွဲ့ဟု အမည်နာမဆိုးများခေါ်ဝေါ်သမုတ်နေမည့်အစား အစိုးရ၊ မြန်မာ့တပ်မတော်နှင့် ULA / AA ရက္ခိုင့်တပ်တော်တို့အကြား တွေ့ဆုံညှိနှိုင်းသည့်နည်းလမ်းဖြင့်ဖြေရှင်းခြင်းကို အမြန်ဆုံးပြုလုပ်ရန်တောင်းဆိုလိုက်ပါသည်။

၄။ အမြင်မတူသည့်ဘက်များအကြား တစ်ဖက်နှင့်တစ်ဖက်နှင့်ရန်လိုသော၊ နိမ့်ကျစေသောအသုံးအနှုန်းဖြင့် ဘောင်ခတ်သွတ်သွင်းမှုပြုလုပ်သည့် လက်ရှိနိုင်ငံရေးအခင်းအကျင်းမှ ငြိမ်းချမ်းရေးမိတ်ဖက်အဖွဲ့အစည်းများ ဟူသော အခင်းအကျင်းကိုဖန်တီးပြုလုပ်ရန်တောင်းဆိုလိုက်ပါသည်။ နိုင်ငံရေးတန်းတူညီမျှမှု၊ ပြည်သူလူထု ဘဝလုံခြုံရေးနှင့် ကောင်းမွန်သည့်အနာဂတ်ကိုဆောင်ကျဉ်းပေးလာမည့် နိုင်ငံရေးယဉ်ကျေးမှုအသစ်ကို အခြေပြုသည့် ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ်အတွင်းသို့ မြန်မာနိုင်ငံအရေးတွင်ပါဝင်ပတ်သက်သူများအားလုံး (All Stakeholders) က သန္နိဋ္ဌာန်ပြုလျက်ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်ရန် - ဗိုလ်မှူးချုပ်မန်းရှာထုဝေါင်း
( +၉၅၉၈၄၁၃၃၁၉၁၇ )